# မာတိကာ


| | | |
|---|---|---|
| | ပန်းပွင့်များနှင့် | ၇ |
| | ဆရာမျိုးမြင့်ညိမ်းအမှာစာ | ၉ |
| ၁။ | မိုးသည်းည | ၁၃ |
| ၂။ | ပြောင်းခဲ့သောဆောင်း | ၂၁ |
| ၃။ | ဆရာသင့် ပန်း | ၃၁ |
| ၄။ | လွှန် | ၄၅ |
| ၅။ | လုံးမေ | ၅၅ |
| ၆။ | ပတ်သက်ခြင်း | ၆၅ |
| ၇။ | မျှော်လင့်မြို့ | ၇၇ |
| ၈။ | သက်ငြိမ်ည | ၁၀၁ |
| ၉။ | အဖြူရောင်တိမ်လေးတစ်မျှင် | ၁၁၁ |
| ၁၀။ | ဆာ | ၁၂၇ |
| ၁၁။ | May God Bless You | ၁၃၉ |
| ၁၂။ | ဘုံ | ၁၆၁ |
| ၁၃။ | ရွာ ၏ သူကြီး | ၁၇၃ |
| ၁၄။ | ခြံကွက်နှင့်သူ | ၁၈၃ |
| ၁၅။ | ဈေးကြီးသွားသော သံပရာရည် | ၁၉၁ |
| ၁၆။ | သူငယ်ချင်း | ၁၉၉ |
| | ကိုယ်ရေးအကျဉ်း | |


# အမှာစာ

စာဖတ်သူသို့....။

အေထူးအောင်အဖြစ် သူ့ကိုသိခဲ့ရတာ လွန်ခဲ့တဲ့ ခြောက်နှစ် ၂၀၁၄/ ၂၀၁၅ လောက်ကတည်းကပါ။ အဲဒီကာလတွေတုန်းက ရန်ကုန်မြို့၊ တော်ဝင်စင်တာမှာ တော်ဝင်မိသားစုဖောင်ဒေးရှင်းက ဦးကိုကိုထွေးနဲ့ သမီးဝတ်ရည်ထွေးတို့ စီစဉ်ပံ့ပိုးမှုနဲ့ မြန်မာလူငယ်တွေ စာဖတ်ရှိန် မြှင့်တင်ဖို့ ရည်ရွယ်ပြီး စာပေမြှင့်တင်လူ့စွမ်းအင် ပြိုင်ပွဲတွေ ပြုလုပ်နေချိန်ပါ။

မှတ်မှတ်ရရ ၂၀၁၂ ခုနှစ်ကစပြီး စာပေမြှင့်တင် လူ့စွမ်းအင် စာရေးစာဖတ် ပြိုင်ပွဲတွေလုပ်ခဲ့ရာမှာ လူငယ်လူရွယ် ကျောင်းသူကျောင်းသား တွေသာမက ကျောင်းဆရာ၊ ဆရာမတွေပါ ပါဝင်ယှဉ်ပြိုင်ကြတယ်။ ပြိုင်ပွဲ ကျင်းပရာမှာ ပြိုင်ပွဲဝင်ပုံစံ တင်ကတည်းက ကိုယ်တိုင်ရေးရသ အက်ဆေးတစ်ပုဒ် စီ ပူးတွဲတင်ကြရပါတယ်။ ပြိုင်ပွဲဝင်အင်အား သုံးရာကျော်အထိ ရှိခဲ့ပြီး၊ အဆင့်ဆင့် စိစစ်ရွေးချယ်ပြီး ပြိုင်ပွဲဝင်စေရာမှာ စင်မြင့်ပေါ်က ပြိုင်ပွဲဝင်ကို အကဲဖြတ်များက ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာ၊ အရေးအသား၊ တင်ပြပုံအဖွဲ့အနွဲ့တွေကို လက်တန်းမေး လက်တန်းဖြေ ကြရတာပါ။



အကဲဖြတ်အဖွဲ့က အမှတ်ပေးပြီး ပြိုင်ပွဲဝင်တွေကို နောက်တစ်ဆင့် တက်စေတယ်။ နောက်ဆုံးအဆင့် ရောက်လာတဲ့ ပြိုင်ပွဲဝင် ခြောက်ဦးကိုတော့ စကားအချေအတင် ပြောစေပြီး စကားပြေစွမ်းရည်၊ အထွေထွေဗဟုသုတ၊ တင်ဆက်ပုံထူးခြားမှု စတာတွေ စိစစ်ကြရတာ ဖြစ်ပါတယ်။

အဲဒီမှာ အေထူးအောင်ကို စတွေ့ရတာပါ။ သူက ၂၀၁၅ ခုနှစ်မှာ ပြုလုပ်တဲ့ စာပေမြှင့်တင် လူ့စွမ်းအင် စာရေးစာဖတ်ပြိုင်ပွဲမှာ ပထမဆု ရခဲ့တာပါ။ ဒီပြိုင်ပွဲရဲ့ ရည်ရွယ်ချက်က မြန်မာလူငယ်တွေ စာဖတ်ရှိန် မြှင့်တင်ဖို့နဲ့ မြန်မာစာပေလောကထဲကို ထဲထဲဝင်ဝင် ဝင်ရောက်စေဖို့ ရည်ရွယ်ခဲ့တဲ့အတိုင်း ပြိုင်ပွဲဝင်တွေထဲက မြန်မာစာပေလောကထဲ တိုးဝင်လာကြတာကို တွေ့ရပါတယ်။ အဲဒီအထဲမှာ ကျွန်တော် တာဝန်ခံအယ်ဒီတာ လုပ်တဲ့ ရွှေအမြုတေမဂ္ဂဇင်း အယ်ဒီတာစားပွဲမှာ အေထူးအောင် စာမူတွေ စဖတ်ရပါတယ်။ သူနဲ့အတူ ပြိုင်ပွဲဝင်တွေထဲက တချို့လည်း ရွှေအမြုတေ မဂ္ဂဇင်းကို စာမူပေးပို့ မှတ်ကျောက်တင်ခံကြတာ တွေ့ရတယ်။

တကယ်တော့ အေထူးအောင်က ၂၀၁၁ ခုနှစ်လောက်ကတည်းက စာစရေးနေတာ ဖြစ်တယ်လို့ သိရတယ်။ သူ စာစရေးတုန်းက အခြေခံပညာ အထက်တန်းပင် မအောင်သေးဘဲ မြတ်မင်္ဂလာမဂ္ဂဇင်းမှာ ပါဝင်ကလောင် လက်သွေးခွင့်ရခဲ့တယ်။ အခြေခံပညာ အထက်တန်းအောင်တော့ ရန်ကုန်တိုင်း၊ သံလျင်မြို့၊ သီလဝါဆိပ်ကမ်းအနီးမှာရှိတဲ့ ရေကြောင်း တက္ကသိုလ် တက်ရောက်ခွင့်ရခဲ့တယ်။ ရေကြောင်းတက္ကသိုလ်မှာ စာကြည့် တိုက်ရှိပြီး စာကြည့်တိုက်မှူးက စာရေးဆရာမ နန်းဇကရီရှင် ဖြစ်ပါတယ်။ အေထူးအောင်က ရေခံမြေခံကောင်းတယ်လို့ ဆိုရပါမယ်။ တက္ကသိုလ် မရောက်ခင်ကတည်းက မင်္ဂလာမောင်မယ်လို မဂ္ဂဇင်းမျိုးမှာ ကလောင်သွေး ခွင့်ရတယ်။ တက္ကသိုလ်ကျောင်းသားဘဝမှာ ခမ်းနားတဲ့ စာကြည့်တိုက်ကြီးနဲ့ ရေကြောင်းတက္ကသိုလ် ရောက်တယ်။ အဲဒီကနေ စာပေမြှင့်တင်ပြိုင်ပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်တယ်။ ၂၀၁၄/၁၅ ပြိုင်ပွဲမှာ ပထမဆုရတယ်။ နောက်တော့ မြန်မာလူငယ် စာရေးဆရာပေါင်းများစွာကို စင်တင် မွေးထုတ် ပေးနေတဲ့ ရွှေအမြုတေမဂ္ဂဇင်းမှာ ရွေးချယ်ဖော်ပြခံ ခဲ့ရတယ်။ သူ့အတွက် ပိုပြီး ကောင်းတာက သင်္ဘောအရာရှိ တစ်ယောက်အဖြစ် ပင်လယ်ပြင်မှာ လွင့်မျောရင်း တွေးစရာ၊ ရေးစရာတွေ ရခဲ့တာပါပဲ။

အခုတော့ အေထူးအောင်က သူရေးခဲ့ပြီးသမျှ ဝတ္ထုတွေထဲက



ဝတ္ထုတို ဆယ့်ခြောက်ပုဒ်ကို စုစည်းပြီး ဝတ္ထုတိုပေါင်းချုပ် တစ်အုပ် ထုတ်ဝေ လိုက်ပါပြီ။ ဒီမှာ ဖော်ပြထားတဲ့ ဝတ္ထုတွေမှာ ထူးခြားတာက သူ့ရဲ့ရေးဟန် ပါပဲ။ အကြောင်းအရာ တစ်ခုကို ရေးဖွဲ့ရာမှာ စာဖတ်သူကို ဝတ္ထုအဆုံးအထိ စိတ်ဝင်တစား ဖတ်နိုင်အောင် အရေးအသားနဲ့ ဆွဲဆောင်သွားနိုင်တယ်။ နောက်ထပ် ထူးခြားတာက ဝတ္ထုတွေကို ဘယ်လိုဆုံးမလဲလို့ စာဖတ်သူက ကြိုတွေးမထားနိုင်အောင် မမျှော်လင့်ထားတဲ့ နိဂုံးမျိုးနဲ့ အဆုံးသတ်တာ တွေကို တွေ့ရတယ်။ ပြောမယ်ဆိုရင် ဝတ္ထုကို အဆုံးသတ်ပုံက စာဖတ်သူ မမျှော်လင့်တဲ့ နိဂုံးချုပ်မို့ စာဖတ်သူက ဝတ္ထုအဆုံးထိ ဖတ်ပြီးမှ နိဂုံးကို သိရတာဆိုရင် ကျေနပ်စရာပဲ။ ဝတ္ထုတိုရဲ့ အဓိက စွမ်းရည်ကလည်း နိဂုံးချုပ်မှ စာရေးဆရာ ဒါကို ပြောချင်တာပဲဆိုတာ သိကြရမှ စာဖတ်သူတွေ ကျေနပ်ကြတယ်။ ဝတ္ထုတစ်ပုဒ်ကို စဖတ်ကတည်းက ဘယ်လို အဆုံးသတ် မှာလဲဆိုတာ စာဖတ်သူက ကြိုသိနေနှင့်ရင် ဘယ်လိုမှ ရသဝတ္ထု မဖြစ်နိုင်ဘူး။ ဒါက စာရေးသူရဲ့ အတတ်ပညာနဲ့ဆိုင်တယ်။ ရေးသား တင်ဆက်ပုံနဲ့ ဆိုင်ပါတယ်။

အေထူးအောင်က တချို့ဝတ္ထုတွေကိုတော့ စာဖတ်သူကို ဝတ္ထု ခေါင်းစဉ်နဲ့ ဖမ်းစားတယ်။ ဥပမာ–သက်ငြိမ်ည၊ မိုးသည်းည၊ ခြံကွက်နှင့်သူ။

'ဘုံ' ဆိုတဲ့ ဝတ္ထုတိုကတော့ အကြောင်းအရာရော၊ တင်ပြပုံပါ ထူးခြားတယ်။ ဒီလိုဝတ္ထုမျိုး ဖတ်ရတော့ စာပေကင်ပေတိုင် ခေတ်ဝတ္ထု တွေကို သတိရမိတယ်။ ဒီဝတ္ထုကို ဆုံးအောင်ဖတ်ပြီးရင်တော့ စာဖတ်သူ ကိုယ်တိုင် အားပါးတရပြုံးပြီး ကျေနပ်နိုင်မှာပါ။

'သူငယ်ချင်း' လို့ အမည်ပေးထားတဲ့ ဝတ္ထုမှာကျတော့ စာရေးသူရဲ့ စေတနာကို လှလှပပ ရေးဖွဲ့ ပြသွားနိုင်တယ်။ ဘယ်လိုမှ မထင်မှတ်ထား နိုင်တဲ့ ဇာတ်လမ်းဇာတ်ကွက်ကို အနုပညာပါပါ ရေးဖွဲ့ပြနိုင်တယ်။ ဖတ်ပြီး ရင်ထဲမှာ မောကျန်နေရတဲ့ ဝတ္ထုမျိုးပါ။

ဆိုရရင် အေထူးအောင်က ဝတ္ထုတိုဖန်တီးမှု အတတ်ပညာ စုံနေပြီ လို့ ပြောရမှာပါ။ စာပေလောကထဲ ရောက်လာရင် မဂ္ဂဇင်းထဲမှာ ဝတ္ထု ဖော်ပြခံရတာက စာရေးဆရာအတွက် ကျေနပ်စရာ အကောင်းဆုံးပါ။ ကိုယ်ရေးလိုက်တဲ့ လက်ရေးလေးကို ပုံနှိပ်စာနဲ့ မြင်လိုက်ရပြီဆိုရင် လောကကြီးကိုပင် မေ့သွားတတ်ကြတယ်။ အဲဒီကမှစပြီး ဆုံးဖြတ်တာက စာရေးဆရာဘဝကို ပိုင်ဆိုင်ချင်ကြတာပါ။ ပုံနှိပ်စာလုံးနဲ့ မြင်ရတဲ့



ကိုယ့်ဝတ္ထုလေးတွေ များလာပြီဆိုရင် အဲဒီဝတ္ထုတိုလေးတွေ ပေါင်းပြီးဝတ္ထုတို ပေါင်းချုပ်စာအုပ်လေးတွေ ထုတ်လေ့ရှိကြတယ်။ တချို့လည်း ဝတ္ထုတိုပေါင်း ချုပ်လေး တစ်အုပ်နှစ်အုပ် ထုတ်ဝေ၊ အပေါင်းအသင်းတွေ လက်ဆောင်ပေး၊ ဝေဖန်ကြ၊ လေကန်ကြနဲ့ စာရေးဆရာဘဝ နိဂုံးတံသွားတာတွေ အတော် များများ တွေ့ဖူးပါတယ်။

တချို့ကတော့ ဝတ္ထုတိုလေးတွေ မဂ္ဂဇင်းမှာ ပါပြီးရင် ဝတ္ထုအရှည် အစအဆုံး ဖော်ပြခံရနိုင်အောင် ကြိုးစားပြီးတော့ မဂ္ဂဇင်း အခန်းဆက် ဝတ္ထုရှည် ရေးတတ်ကြတယ်။ မဂ္ဂဇင်းဝတ္ထုရှည် ဖော်ပြခံရပြီဆိုရင် စာအုပ်တိုက်တွေက စာရေးဆရာဆီ ချဉ်းကပ်၊ စာမူတောင်း၊ လုံးချင်း ဝတ္ထုထုတ်၊ စာပေဆုရ၊ ရုပ်ရှင်အဖြစ် ထပ်ဆင့် ရိုက်ကူးထုတ်လွှင့်။ ဒီလိုစီး ကြောင်း အနုပညာလမ်းကြောင်း ရှိပါတယ်။

အခု အေထူးအောင်က ဒီအနုပညာ စီးကြောင်းထဲ ပါလာပါပြီ။ ဒီဝတ္ထုတိုပေါင်းချုပ် ထုတ်ဝေပြီးရင် လုံးချင်းစာအုပ် နှစ်အုပ် ဆက်တိုက် ထွက်လာပါတော့မယ်။ ပင်လယ်ရေကြောင်းအရာရှိ အေထူးအောင်က အနုပညာ ရေစီးကြောင်းထဲမှာ စက်ကုန်ဖွင့် မောင်းနှင်လာပြီ ဖြစ်ကြောင်း စာဖတ်သူတွေကို သတင်းကောင်းပါးလိုက်ပါရစေ။

ချစ်ခင်စွာ

မျိုးမြင့်ညိမ်း

■